# စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ

## General Strike Committee (GSC)

ကြေငြာချက်အမှတ် ၃/၂၀၂၁
နေ့စွဲ။ ။၂၁ ဖေဖော်ဝါရီ၂၀၂၁၊

၂၀၂၁ ခု ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မန္တလေးမြို့ ကမ်းနားလမ်း ရတနာပုံ သင်္ဘောကျင်းအနီး မန္တလေး ဗန်မော်သင်္ဘော ပြေးဆွဲရန်စေခိုင်းမှုကို CDM ပြုလုပ်သည့်ဝန်ထမ်းများနှင့် ဝိုင်းရံအားပေးသည့် ပြည်သူများကို ရဲနှင့်စစ်သားများက မျက်ရည်ယိုဗုံး၊ သေနတ်တို့ဖြင့်အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့သည်ကို ကြားသိခဲ့ရပါသည်။

ငြိမ်းချမ်းစွာဆန္ဒပြသည့်လက်နက်မဲ့ ဝန်ထမ်းများ၊ ပြည်သူများကို စစ်မြေပြင်ကဲ့သို့ ကျည်ဆံအစစ်၊ စနိုက်ပါ သေနတ်တို့ ဖြင့် ပစ်ခတ်ဖြိုခွင်းခဲ့သဖြင့် ၂ ဦးသေဆုံးပြီး ၃၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည့်ဖြစ်ရပ်ကို ပြင်းထန်စွာ ဆန့်ကျင်ရှုံ့ချ ပါသည်။

စစ်အုပ်စုမှ အာဏာသိမ်းပြီးနောက်ပိုင်း ငြိမ်းချမ်းစွာ ဆန္ဒပြသည့် လက်နက်မဲ့ပြည်သူများကို ရဲ၊စစ်တပ်က အကြမ်းဖက်နှိမ်နင်းသဖြင့် နေပြည်တော်၊ မြိတ်၊ မြစ်ကြီးနား ၊ မန္တလေး၊ မြောင်းမြမြို့ ၊ ရန်ကုန်မြို့နှင့် အခြား မြို့ကြီးများတွင် ထိခိုက်ဒဏ်ရာရသူများ ၊ ဖမ်းဆီးခံရသူများနှင့် အသက်သေဆုံးသူများ ရှိလာသည်ကိုတွေ့ရပါသည်။

စစ်အာဏာရှင် လူတစုသည် ပြည်သူများ၏ ဆန္ဒကို လျစ်လျူရှုပြီး ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒထုတ်ဖော် ခွင့်ကို ရက်ရက်စက်စက် ဖိနှိပ်ဖြိုခွင်းသည့်တိုင် မိမိတို့၏ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး တိုက်ပွဲများသည် နောက် တွန့်သွားမည်မဟုတ်ချေ။

ကုလသမဂ္ဂနှင့် နိုင်ငံတကာမှလည်း ယနေ့အာဏာသိမ်းအစိုးရကို အသိအမှတ်မပြုဘဲ မတရားဖမ်းဆီးထိန်း သိမ်းထားသော ခေါင်းဆောင်များကို ချက်ချင်းလွှတ်ရန် တောင်းဆိုထားသည်ဖြစ်ရာ ယနေ့ စစ်အာဏာရှင် ဆန့်ကျင်ရေး တိုက်ပွဲဝင်ပြည်သူ အပေါင်းတို့သည် ကမ္ဘာ့ပြည်သူတစ်ရပ်လုံး၏ ထောက်ခံရပ်တည်မှုဖြင့် စစ်အာဏာရှင်ပျက်သုဉ်းရေး အဆုံးသတ်တိုက်ပွဲကို အောင်မြင်စွာ တိုက်ပွဲဝင်နိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။

ဆက်သွယ်ရန်ပုဂ္ဂိုလ်များ -

၁။ ဦးစန္ဒာသီရိ - ရွှေဝါရောင်သံဃာ့ကွန်ယက် - 095301364

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) – 09955170688

၃။ ဦးအောင်မိုးဇော် - လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) – 09779003188

၄။ ကိုဝေယံဖြိုးမိုး - ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABFSU) - 09960198553

၅။ ကိုကျော်ကိုကို - ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦး (SDUF) – 09451323782

၆။ ကိုကျော်ကျော် - ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (ABFTU) 09760592128

၇။ ကိုညီညီအောင် - ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံး
(AASYC) – 09771833475

၈။ ကိုရဲရင့်လကၤာ ( ABYPU) - 09971424220